# ဘဏ္ဍာရေးဝန်ကြီးဌာန

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

# ညွှန်ကြားချက်အမှတ် (၁/၂၀၁၆)

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းစာရင်းဖွင့်လှစ်ခြင်းဆိုင်ရာညွှန်ကြားချက်

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၉ ရက်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ အခန်း(၁၃)၊ ပုဒ်မ ၇၁(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအတွက် စာရင်းဖွင့်လှစ်ခြင်းဆိုင်ရာ၌ ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ ပုဒ်မ ၂၅ အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် ရရှိထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများအား ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်း ဝန်ဆောင်မှု ပေးရန်အတွက် အောက်ဖော်ပြပါ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း စာရင်းဖွင့်လှစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း စာရင်းဖွင့်လှစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဤ ညွှန်ကြားချက်နှင့်အညီပြုစုထားရှိရမည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့မှ အတည်ပြုရမည်။

၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် မိမိ၏ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများထံမှ စာရင်းဖွင့်လှစ်ရန် သတင်းအချက်အလက်များနှင့်လျှောက်လွှာများကို ရယူရမည်။ ယင်းသတင်းအချက်အလက်များသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအား ခွဲခြား ဖော်ပြနိုင်ရမည်။ အဆိုပါ သတင်းအချက်အလက်များတွင် အောက်ပါတို့ ပါဝင်ရမည် -

(က) တစ်ဦးချင်းဖြစ်လျှင် အမည်၊ ဖခင် အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ အမြဲတမ်း နေရပ်လိပ်စာ၊ လက်ရှိ နေရပ်လိပ်စာ၊ ဘဏ်စာရင်းအမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ အီးမေး(လ်) (အကယ်၍လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူက လက်ရှိ နေရပ်လိပ်စာအား ပြောင်းလဲလိုလျှင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် နေရပ်လိပ်စာအသစ်ကို ရောင်း/ဝယ် မပြုမီ ရယူရမည်။)

(ခ) ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီအမည်၊ တည်ထောင်သည့်နှစ်၊ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ ဘဏ်စာရင်းအမှတ်၊လက်မှတ်ရေးထိုးမည့်ပုဂ္ဂိုလ်

၃။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်များအား မှန်ကန်ကြောင်း အတည်ပြုရန် အတွက် အထောက်အထားပြု စာရွက်စာတမ်းများကို ရယူရမည်။၎င်းစာရွက်စာတမ်းများတွင် အောက်ဖော်ပြပါတို့ ပါဝင်ရမည်-

(က) တစ်ဦးချင်း ဖြစ်လျှင်နိုင်ငံသားမှတ်ပုံတင် (မည်သည့်အမျိုးအစားမဆို) (အကယ်၍မှတ်ပုံတင်ရှိ ဓါတ်ပုံဖြင့် အတည်ပြုရန် အခက်အခဲရှိပါက အခြားတရားဝင်စာရွက်စာတမ်းများ- ဥပမာ- နိုင်ငံကူးလက်မှတ် (သို့) ယာဉ်မောင်းလိုင်စင်)

(ခ) ကုမ္ပဏီဖြစ်လျှင် မှတ်ပုံတင်အမှတ်၊ စာရင်းဖွင့်ရန် ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်

၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် တွဲဖက် စာရင်းဖွင့်လှစ်သည့်ကိစ္စတွင် ကိုယ်စားလှယ်၏အမည်ကို အတိအကျ ဖော်ပြရမည်။

၅။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ အမိန့်ကြော်ငြာစာဖြင့်ကြေငြာခြင်း မပြုမီ နိုင်ငံခြားသား (သို့) နိုင်ငံခြား ကုမ္ပဏီများအား မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း စာရင်း ဖွင့်လှစ် ခွင့်မပြုပါ ။

၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူက စာရင်းဝင်ကုမ္ပဏီ၏ အတွင်းသတင်းအချက်အလက်များကို အသုံးပြုနိုင်သည့် အနေအထားရှိလျှင်ယင်းအချက်ကို အတည်ပြုပေးရမည်။

၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူက ဘဏ်စာရင်းဖွင့်လှစ်ထားပြီးဖြစ်ကြောင်း အတည်ပြုရမည်။

၈။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ (၆၂) အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်အဖြစ်ဆောင်ရွက်ရန်အတွက်ယင်းအား ခန့်အပ်သည့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် စာဖြင့် ရေးသားထားသည့် သဘောတူညီချက်တစ်ရပ်ရှိရမည်။

၉။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ (၁၉) နှင့်ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ပုဒ်မ (၆၈) အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအား မျှတပြီး သဘောရိုးရှိသော ဝန်ဆောင်မှုပေးနိုင်ရန် အတွက် အချက်အလက်များအား စုစည်းထားရှိရမည်။ အထူးသဖြင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ဗဟုသုတ၊ အတွေ့အကြုံ၊ အဆင့်အတန်း နှင့် ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ အပေါ် အခြေခံ၍ ဝန်ဆောင်မှုပေးနိုင်မည့် အချက်အလက်များကို စုစည်းထားရှိရမည်။

၁၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် မိမိချမှတ်ထားသည့် "တရားမဝင်နည်းလမ်းဖြင့်ရရှိသော ငွေကြေးခဝါချခြင်းမူဝါဒ" အပေါ် အခြေခံ၍ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအား စိစစ်ရမည်။

၁၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ တိုင်ကြားချက်များအား ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ဒေါက်တာမောင်မောင်သိမ်း)

ဥက္ကဋ္ဌ